# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ၂၆ ရက်မြောက်နေ့ အစီအစဉ်
# [ ၃၀ - ၁၀ - ၂၀၁၄ ]
# ( ကြာသပတေးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၂၆ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဗိုလ်မှူးမျိုးထွန်းအောင်၊ တပ်မတော်သားကိုယ်စားလှယ်၏ **ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရန် စီမံဆောင်ရွက်ရသည့် လုပ်ထုံးလုပ်နည်းအဆင့်ဆင့်၊ အလားတူ ယဉ်ကျေးမှုရှေးဟောင်းအမွေအနှစ်များ တည်ရှိရာနေရာများစွာ ကျန်ရှိနေခြင်းအပေါ် ဆက်လက်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆောင်ရွက် ရသည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ အထက်ပါလုပ်ငန်းစဉ်များအတွက် မည်ကဲ့သို့ ရည်မှန်းချက်ထား၍ စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်း သည့် မေးခွန်း၊

( ခ ) ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **သမဝါယမဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တောင်သူများအား ဝိုင်းကြီးချုပ်စနစ်ဖြင့် ပုံစံ(၇) တင်ပြပြီး အတိုးနှုန်းသက်သာစွာ ချေးငွေထုတ်ချေးပေးသကဲ့သို့ လက်လုပ်လက်စား အလုပ်သမားများအားလည်း ထုတ်ချေးပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်သား ကိုယ်စားလှယ်၏ **မြောက်ဦးမြို့နယ်အတွင်းရှိ မြောက်ဦး-မဟာထီးရွာအထိ ကျေးလက်လမ်းအား အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **တနင်္သာရီမြို့နယ်၊ သကျက်(၆)မိုင်ကျေးရွာမှ လင္ဂုကျေးရွာ၊ တောင်ဘိန်းကျေးရွာ၊ ဂဏန်းကွင်းကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းခင်းပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း သည့် မေးခွန်း၊

( င ) ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ် တောင်ပေါ်ဒေသများဖြစ်သော ကျေးရွာအုပ်စု(၂)ခုနှင့် ဆက်သွယ်သော အေးချမ်းသာလမ်းခွဲမှ စစ်ရင်ကျေးရွာသို့လည်းကောင်း၊ မယင်းကျေးရွာသို့လည်းကောင်း ရာသီမရွေး သွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးနိုင်ခြင်း** ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း။

၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

( ခ ) ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၂၆ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၂၇ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

(ဃ) ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **မိုးကောင်းမြို့နယ်၊ မြတောင်-နမ္မတီးကျေးရွာချင်းဆက် ဖောက်လုပ်ထားသော ကိုယ့်အားကိုယ်ကိုး တံတား အပြီးသတ်တည်ဆောက်နိုင်ရေးအတွက် ၂၀၁၄-၂၀၁၅ ဖြည့်စွက် ရန်ပုံငွေမှ လျာထားခွင့်ပြုပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က နေပြည်တော် စည်ပင်သာယာရေး ဥပဒေကြမ်းအား ပြန်လည်ရုပ်သိမ်းရန် ရှင်းလင်းတင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။